# မြန်မာ့ရိုးရာလိုင်ဟာသပုံပြင်များ

## (၅)ငါကတော့စိတ်ပူလိုက်ရတာ

တူ–တူမလေးတို့ရေ၊ဘကြီးဖြိုးဒီနေ့မင်းတို့လေးတွေကိုထပ်ပြောပြမဲ့ပုံပြင်လေးက တော့ " ငါကတော့စိတ်ပူလိုက်ရတာ " ဆိုတဲ့ပုံပြင်လေးပါဘဲကွယ်။ ပုံပြင်လေးက ကဒီလိုကွဲ့ ––

တစ်ခါတုံးက ရွာလေးတစ်ရွာမှာ ညားကာစ လင်မယားနှစ်ယောက်ရှိသတဲ့၊ ညား ကာစ ဆို တော့ သိတဲ့အတိုင်းခြင်ထောင်ထဲကကိုမထွက်ချင်ဆိုတာလိုပေါ့။

လင်မယားနှစ်ယောက်မှာ ယောကျ်ားလုပ်သူကအပျင်းနည်းနည်းထူပြီးနုံတယ်။ မိန်းမ ဖြစ်သူကညားတာလဲ ၆ လလောက်ရှိပြီ၊လင်လုပ်သူကအလုပ်လုပ်ဖို့၊ဝင်ငွေရှာဖို့မစဉ်း စားသေးဘဲအားရင်ဆော်ဖို့ဘဲစိုင်းပြင်းနေတော့ အကိုရေ ဒီတိုင်းနေလို့တော့မဖြစ် သေး ဘူး၊နောင်ရေးဆိုတာလဲရှိသေးတယ်။ ဒီတော့အကိုငွေရှာဖို့အလုပ်လုပ်ပါလို့ တိုက် တွန်း တယ်။ နောက်ပြီးအိမ်ဘေးက သာဂေါင်တို့အုပ်စုနဲ့မြန်မာပြည်အထက်ပိုင်းကို ကုန် ရောင်း လိုက်သွားဖို့အကြံပေး တယ်။ လင်လုပ်သူကလည်း အဖေ လုပ်သူငယ်ငယ်က မှာခဲ့ တဲ့ အတိုင်း ငါ့သားကြီးပွားချင်ရင် အရိုးမရှိတဲ့ နှစ်ကောင် (လီးနဲ့လျှာ) ကိုအလို မလိုက်နဲ့ ဆိုတဲ့စကားကိုသတိယပြီးဒီတိုင်းနေလို့မရ၊ အလုပ်လုပ်မှဆိုပြီး၊ခရီး စဉ်ဆွဲ၊ မိဘတွေဆီမှာ ငွေရင်းတောင်းပြီး၊ခရီးထွက်ဖို့ပြင်ဆင်တာပေါ့။

ခရီးသွားခါနီးလာတော့ လင်ဖြစ်သူက မယားဖြစ်သူကို တိုးတိုးလေးကပ်ပြောလာ တာကတော့ " *မိန်းမရယ်၊ ရှေ့ရေးအတွက်မို့သာသွားရမှာပါ။ ငါမင်းကိုခွဲနိုင်ပေမဲ့–နင့် အဖုတ် လေးကို မခွဲနိုင်ဘူးဖြစ်နေတယ်။ဒီတော့ဖြစ်နိုင်ရင် နင့်အဖုတ်လေးခဏဖြုတ်ပြီးငါ့နဲ့ ထည့်ပေးလိုက်ပါလားကွာ။ ငါပြန်လာတော့ ပြန်ယူလာမှာပေါ့* " လို့နားပူနားဆာလုပ်လာ တယ်။ မယားဖြစ်သူ ကလင်ဖြစ်သူငနုံကို အင်္ဂါဇာတ်ဆိုတာ ခန္ဓာကိုယ်ရဲ့အစိတ်အပိုင်း ( **Hard-disk** မှာ **Built-In**)ဖြစ်လို့ဖြုတ်လိုက်တပ်လိုက်မရကြောင်း၊ရှင်းပြလည်းအလကား ပေမို့၊အထူးပြောမနေတော့ဘဲ၊ဈေးကိုသွား နွားမ စောက်ဖုတ်တစ်လုံးကိုဝယ်။ ချိုင်းမွှေး အနည်းငယ်နှုတ်၊နွားမစောက်ဖုတ်မှာတပ်ရင်း လူ စောက်ဖုတ်တုတစ်ခုဖန်တီးပြီး ပုလင်း လေး ထဲထည့်တယ်။ပြီးတော့ လင်ဖြစ်သူကိုခရီး မှာတစ်ပါတည်းယူသွားဖို့ပေးလိုက်သတဲ့။

လင်ဖြစ်သူလည်းဝမ်းသာအားရ စောက်ဖုတ်တုကိုအစစ်အမှတ်နဲ့ပုလင်းလေးနဲ့ ဆောင်ယူသွားပြီး သာဂေါင်တို့အဖွဲ့နဲ့အတူ အထက်မြန်မာပြည် ဖက်ကို ကုန် ရောင်းကုန်ဝယ်ခရီးထွက်သတဲ့။ ခရီးထွက် ရင်းရောက်ရာအရပ်မှာအားရင် အဖုတ်တုကို ထုတ်ပြီး အာသာပြေ–ငယ်ပါကြီးနဲ့ဆော်လိုက်၊ ပုလင်းထဲပြန်ထည့်သိမ်းလိုက်နဲ့ ဟန်ကျ နေတာပေါ့။ ခရီးစဉ် တစ်လခန့်အကြာမှာ အမြတ် ငွေလည်းအတော်ရကြတော့၊အိမ်ပြန်ဖို့ စိုင်းပြင်းကျတာပေါ့။ ဒီလိုနဲ့အိမ်အပြန်လမ်းမှာ ဧရာဝတီမြစ်ကြီးဘေး ခဏရပ် နား တော့၊လူတွေခရီးပမ်းလာလို့ရေဆင်းချိုး၊အဝတ်လျှော်လုပ်ကြတာပေါ့။ဒီတော့ လင်တော် မောင်ဘသားချောက စောက်ဖုတ်တုလေးကိုပုလင်းထဲကထုတ်ပြီး၊ ရှည်တော်မူပြီးမြစ်ရေထဲ မှာ ဆေးမိပါသတဲ့၊ရေစီးကနည်းနည်းလေးသန်နေတော့ဒင်းလက်ထဲကစောက်ဖုတ် တုလေး ပြုတ်ကျပြီးရေစီးနဲ့မြစ်ထဲမျှောပါသွားပါလေရောတဲ့။ ဘသားချောလည်းအလန့်လန့် အဖျန့်ဖျန့်နဲ့လိုက်ဆယ်ပေမဲ့ရေစီးသန်လွန်းလို့မရတော့ဘူးလေ။

ဒီလိုနဲ့ကုန်သည်အဖွဲ့နဲ့အတူရွာကိုပြန်ရောက်ကြပါသတဲ့။ ကုန်သည်အဖွဲ့ ပြန်လာပြီ ကြားတော့မယားလုပ်သူကဝမ်းသာအားရအိမ်ရှေ့ထွက်လာပြီးလင်ဖြစ်သူကိုကြို မယ်လုပ်တော့ခြံဝကနေဝင်လာတဲ့လင်ဖြစ်သူကမျက်နှာလုံးဝမကောင်းတော့ "*အကိုဘာဖြစ် လာတာလဲအရှုံးပေါ်လာလို့လား၊မပူပါနဲ့တခြားအလုပ်လေးတွေပြောင်းလုပ်လို့ရတာပါ ဘဲ၊ စီးပွားရေးလုပ်တယ်ဆိုတာဒီလိုဘဲပေါ့*" လို့ဖြေသိမ့်လိုက်သတဲ့။ ဒီတော့လင်ဖြစ်သူ က "*မရှုံးပါဘူးမိန်းမရာ၊၂ဆလောက်တောင်မြတ်ပါသေးတယ်။နို့ပေမဲ့ ငါစိတ်ဆင်းရဲ ရတဲ့ အ*

*ကြောင်းရင်းကတော့၊ နင့်စောက်ဖုတ်လေးငါဆပ်ဆော့ပြီး မြစ်ထဲထုတ်ဆေးလိုက်တာရေထဲ မျှောပါသွားလို့ ဟ။ငါ့အပြစ်တွေပါဟာ၊လျှာရှည်ပြီးဖြုတ်ယူသွားမိတဲ့အပြစ်ပါ။ငါ့ကို မကျေနပ် ရင်အသေ သတ် လိုက်ပါ"* လို့မချိတင်ကဲအသံကြီးနဲ့ငိုမလိုပြောတယ်။ မယားလုပ် သူက *"အကိုရယ်စိတ်မကောင်းစရာ တွေခေါင်းထဲထည့်မလားပါနဲ့၊လောလောဆယ် ဒီကိစ္စ ကို မေ့ထားလိုက်ပါ။ အခုအကိုခရီးပမ်း လာတယ်မဟုတ်လား၊သွား ရေမိုးချိုးအဝတ် အစားလဲလိုက်၊ ကျွန်မအကိုကြိုက်တတ်တဲ့ ပဲကြီးဟင်းရယ်၊ငါးလေးအိုးကပ်ရယ်ချက်ထားလိုက်မယ်။ ရေချိုးပြီးပူပူနွေးနွေးစားလိုက်ကြ ရအောင်"* လို့ပြောတယ်။ လင်လုပ် သူလည်း မယားပြောသလိုရေချိုးပြီး စိတ်မပါ့တပါနဲ့ထပြီး၊ ထမင်းဝိုင်းထိုင်လိုက်တာပေါ့။ မိန်းမ ကသူကြိုက်တတ်တဲ့ဟင်းဖွယ်ဖွယ်ရာရာတွေချက်ထား ပေမဲ့ တို့ကနန်းဆိတ်ကနန်းလုပ်ပြီး မျက်နှာကြီး ကစောက်ဖုတ်ပူမိပြီးအိုနေတာပေါ့။ခဏ လေးနေတော့ ပဲကြီးဟင်းသောက်လိုက်မဟဲ့ဆိုပြီးပဲကြီးဟင်းခွက် ဇွန်းလှမ်းမလိုက်တော့မိန်းမဖြစ်သူရဲ့တံ တောင် နဲ့ထိမိပြီး၊ ဇွန်းက ကြမ်းကြားထဲကတစ်ဆင့် အိမ်အောက်ကိုကျသွားပါလေရောတဲ့ကွယ်။

နဂိုကတည်းက စောက်ဖုတ်ပူမိပြီးစိတ်ညစ်နေရတဲ့ကြားထဲဇွန်းကအိမ်အောက်ကိုကျသွားတော့ ဒေါသနည်းနည်းထွက်လာပြီးဆင်းကောက်ရတော့တာပေါ့။

အိမ်အောက်ကနေဇွန်းကောက်လိုက်ရင်း ကြမ်းကြားပေါက်ကနေ အိမ် အပေါ် ထမင်းဝိုင်းဖက်ကိုအမှတ်တမဲ့မော့ကြည့်လိုက်တော့ ထမင်းဆောင့်ကြောင့် ထိုင်စားရင်း ထမီအောက်စလွတ်နေတဲ့ မိန်းမဖြစ်သူရဲ့ပေါင်ခွဆုံအလယ်တည့်တည့်မှာ စောက်ဖုတ် အော်ရဂျင်နယ်ကြီးကို ပြူးပြူးကြီး အိန္ဒြေရစွာတွေ့လိုက်ရတယ်ဆိုရင်ဘဲ၊ ဒေါသ လဲထွက်၊ အခုမှဘဲစိတ်အေးရတော့ပါလားဆိုတဲ့ပုံစံနဲ့ ပြောလိုက်တဲ့လင်တော်မောင်ရဲ့စကားလေးကတော့-----

## ! ခွေးမသား၊ငါကဖြင့်စိတ်ပူလိုက်ရတာ- ဒင်းကငါ့အရင် အိမ်ကိုပြန် ရောက်နေတာကိုး "

-တူ၊တူမလေးတို့ရေ။ဘကြီးဖြိုးရဲ့ "ငါကတော့စိတ်ပူလိုက်ရတာ" ဆိုတဲ့ပုံပြင်လေးကို ဒီမှာ ဘဲ အဆုံးသတ်လိုက်ပါတယ်ကွယ်။နောက်နေ့ကျရင်ဒီထက်ပိုပြီးရယ်ရွှင်ဘွယ်ရာကောင်း တဲ့ ပုံပြင်သစ်တွေ အများကြီးဘကြီးဆက်ပြောပြဦးမယ်ကွဲ့။ဒီနေ့ တော့ ဒီလောက်နဲ့ ဘဲ ကျေ နပ်ကြပါလို့။--------

@@@@@@@@@@@@@